# ဝန်ဆောင်စရိတ်နှုန်းထားများလျှော့ချကောက်ခံခြင်းကြေညာချက်

၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ကမ္ဘာ့နိုင်ငံအများစုတွင် ကိုရိုနာဗိုင်းရပ်စ် (Corona Virus–COVID19) ကူးစက်ပြန့်ပွားနေမှုကြောင့်မြန်မာနိုင်ငံအတွင်းဝင်ရောက်လာမည့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ အတည်ပြုမိန့်နှင့် ခွင့်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အသုံးစရိတ်များလျှော့ကျပြီး လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက် နိုင်စေရေးအတွက်၂၀၂၀ ပြည့်နှစ်ဧပြီလ(၂၀) ရက်နေ့မှစ၍ မူလဝန်ဆောင်စရိတ်နှုန်းထား၏ ၅၀ ရာခိုင်နှုန်းသို့လျှော့ချ၍ လျှောက်ထားလွှာနှင့် ဝန်ဆောင်စရိတ် နှုန်းထားများအား အောက်ပါ အတိုင်းပြင်ဆင်သတ်မှတ်လိုက်ပါသည်–

| စဉ် | ဝန်ဆောင်မှု | ကောက်ခံမည့်နှုန်းထား | |
|---|---|---|---|
| (က) | ရင်းနှီးမြှုပ်နှံမှုစုံစမ်းမေးမြန်းခြင်း လျှောက်ထားလွှာ | – | ၇,၅၀၀ |
| (ခ) | အဆိုပြုချက် (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀ အောက်) | – | ၅၀,၀၀၀ |
| (ဂ) | အဆိုပြုချက် (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁,၀၀၀,၀၀၀ နှင့် ၂၀,၀၀၀,၀၀၀ အကြား) | – | ၁၀၀,၀၀၀ |
| (ဃ) | အဆိုပြုချက် (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၂၀,၀၀၀,၀၀၁နှင့်၁၀၀,၀၀၀,၀၀၀အကြား) | – | ၁၅၀,၀၀၀ |
| (င) | အဆိုပြုချက် (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၀,၀၀၀,၀၀၁ နှင့်အထက်) | – | ၂၅၀,၀၀၀ |

| | | | |
|---|---|---|---|
| (စ) | အတည်ပြုလျှောက်ထားလွှာ | - | ၂၅,၀၀၀ |
| (ဆ) | အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်လျှောက်ထားလွှာတင်ပြခြင်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁၀,၀၀၀,၀၀၀ အောက်) | - | ၅၀,၀၀၀ |
| (ဇ) | အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် လျှောက်ထားလွှာ တင်ပြခြင်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁၀,၀၀၀,၀၀၀ နှင့်အထက်) | - | ၁၀၀,၀၀၀ |
| (ဈ) | မြေအသုံးပြုခွင့် လျှောက်ထားလွှာတင်ပြခြင်း | - | ၅၀,၀၀၀ |
| (ည) | အစုရှယ်ယာသို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်း လျှောက်ထားလွှာတင်ပြခြင်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန် ဒေါ်လာ ၁,၀၀၀,၀၀၀ အောက်) | - | ၂၅,၀၀၀ |
| (ဋ) | အစုရှယ်ယာသို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်း လျှောက်ထားလွှာတင်ပြခြင်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန် ဒေါ်လာ ၁,၀၀၀,၀၀၀ နှင့်အထက်) | - | ၅၀,၀၀၀ |
| (ဌ) | အစုရှယ်ယာသို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်း လျှောက်ထားလွှာတင်ပြခြင်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန် ဒေါ်လာ ၂၀,၀၀၀,၀၀၀ နှင့်အထက်) | - | ၁၀၀,၀၀၀ |

| | | | |
|---|---|---|---|
| (ဍ) | အစုရှယ်ယာသို့မဟုတ် လုပ်ငန်းလွှဲပြောင်းခြင်း လျှောက်ထားလွှာတင်ပြခြင်း (စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၀,၀၀၀,၀၀၀ အထက်) | – | ၁၅၀,၀၀၀ |
| (ဎ) | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၄၈(ခ) အရချမှတ်သောဆုံးဖြတ်ချက်အတွက် ရှင်းလင်းချက် တောင်းခံခြင်း | – | ၄၀,၀၀၀ |
| (ဏ) | ခွင့်ပြုမိန့်ပြင်ဆင်ခြင်း | – | ၅၀,၀၀၀ |
| (တ) | အတည်ပြုမိန့်ပြင်ဆင်ခြင်း | – | ၂၅,၀၀၀ |
| (ထ) | အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်ပြင်ဆင်ခြင်း | – | ၅၀,၀၀၀ |
| (ဒ) | မြေအသုံးပြုခွင့် ပြင်ဆင်ခြင်း | – | ၅၀,၀၀၀ |
| (ဓ) | နိုင်ငံခြားသားကျွမ်းကျင်သူများအတွက် အလုပ်လုပ်ခွင့်လျှောက်ထားခြင်း | – | ၂,၅၀၀ |
| (န) | ခွင့်ပြုမိန့် (မိတ္တူမှန်) ထုတ်ယူခြင်း (MIC Permit) | – | ၃၇၅,၀၀၀ |
| (ပ) | အတည်ပြုမိန့် (မိတ္တူမှန်) ထုတ်ယူခြင်း (MIC Endorsement) | – | ၂၅၀,၀၀၀ |

| | | | |
|---|---|---|---|
| (ဖ) | ခွင့်ပြုမိန့် ပြင်ဆင်ချက် (မိတ္တူမှန်) ထုတ်ယူခြင်း<br>(MIC Permit Amend) | – | ၅၀,၀၀၀ |
| (ဗ) | အတည်ပြုမိန့် ပြင်ဆင်ချက် (မိတ္တူမှန်)<br>ထုတ်ယူခြင်း<br>(MIC Endorsement Amend) | – | ၂၅,၀၀၀ |
| (ဘ) | ခွင့်ပြုမိန့်၊ အတည်ပြုမိန့် ဆုံးဖြတ်ချက်<br>(မိတ္တူမှန်) ထုတ်ယူခြင်း<br>(MIC Decision) | – | ၁၂,၅၀၀<br>(၁ ရွက်လျှင်) |
| (မ) | ကော်မရှင်<br>ခွင့်ပြုချက်ပြန်ကြားစာမိတ္တူကူးယူခြင်း | – | ၁၂,၅၀၀<br>(၁ ရွက်လျှင်) |
| (ယ) | အဆိုပြုချက်/ အတည်ပြုလျှောက်ထားလွှာ<br>(Proposal) မိတ္တူကူးယူခြင်း | – | ၂၅၀၀<br>(၁ ရွက်လျှင်) |

၂။ အထက်ဖော်ပြပါ သတ်မှတ်ချက်များသည် COVID – 19 ရောဂါဖြစ်ပွားနေမှုနှင့် စပ်လျဉ်းသည့် နိုင်ငံတော်၏ ကြေညာချက်များအရ သက်ရောက်မှုရှိသည့် ကာလအထိသာ အကျုံးဝင်မည်ဖြစ်ပြီး အဆိုပါကာလကုန်ဆုံးပါက လျှောက်ထားလွှာနှင့် ဝန်ဆောင်စရိတ်နှုန်းထားများအားပြန်လည်ပြင်ဆင်သတ်မှတ် ကြေညာသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်